# ငြိမ်းချမ်းသော ၂၀၁၀ ခုနှစ်ဆီသို့

မြန်မာစစ်အာဏာပိုင်များက ကျင်းပမည်ဟု ကြေညာထားသည့် ၂ဂ၁ဂ ခုနှစ်ရွေးကောက်ပွဲ တရွေ့ရွေ့နှင့် နီးကပ်လာသည်နှင့်အမျှ မြန်မာ့နိုင်ငံရေးသည် ပိုမိုကျပ်တည်းလာသည့်အခြေအနေများနှင့် ရင်ဆိုင်လာရဖွယ်ရှိသည်။ စစ်အစိုးရအနေဖြင့်

1. ၁၉၉၀ ရွေးကောက်ပွဲကို အသိအမှတ်မပြုပဲ နောက်ထပ် ရွေးကောက်ပွဲအသစ် ကျင်းပမည့်ကိစ္စ၊
2. ၁၉၉၀ ရွေးကောက်ပွဲတွင် မဲအများဆုံးဖြင့်အနိုင်ရပြီး လူထုထောက်ခံအားပေးမှု အများဆုံးရရှိထားသည့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အား ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်စေရေးကိစ္စ၊
3. စစ်အစိုးရက အာဏာကို ဆက်လက်ချုပ်ကိုင်ထားလိုသည့်ရည်ရွယ်ချက်ဖြင့် တဖက်သတ်ရေးဆွဲကာ အဓမ္မနည်းလမ်းများဖြင့် လူထုအားအတည်ပြုစေခဲ့သော ၂၀၀၈ အခြေခံဥပဒေတွင် ဒီမိုကရေစီ အခြေခံမှုများ မပါဝင်ပဲ ဖြစ်နေသည့်ကိစ္စ၊

အစရှိသည်တို့ကို မဖြစ်မနေ ဖြေရှင်းပေးရမည်ဖြစ်သည်။

ရွေးကောက်ပွဲဆိုသည်မှာ နိုင်ငံ၏အနာဂတ်ကံကြမ္မာကို အကြီးအကျယ်ပြောင်းလဲစေတတ်သည့်နိုင်ငံရေးလုပ်ငန်းစဉ်တခုဖြစ်ရာ စစ်အစိုးရအနေဖြင့် ၎င်းတို့ စိတ်ဆန္ဒအတိုင်းလုပ်ဆောင်ပါက

4. အထက်ဖော်ပြပါအချက်များနှင့်ပတ်သက်၍ လူထုမကျေနပ်မှုများနှင့်အတူ အုံကြွပေါက်ကွဲမှုများ ဖြစ်လာနိုင်ဖွယ်ရှိသည့်ကိစ္စ၊
5. ဒီမိုကရေစီ စံနှုန်းနှင့် မညီသဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်း၏ မကျေနပ်မှုများနှင့် ထပ်ဆင့် ဖြစ်လာနိုင်ဖွယ်ရှိသော ပြစ်ဒဏ်ခတ်ပိတ်ဆို့မှုများ အစရှိသည်တို့ကို မဖြစ်မနေ ရင်ဆိုင်ရဖွယ် ရှိသည်။

ထိုအခြေအနေများက ၂၀၁၀ ရွေးကောက်ပွဲ ပြီးချိန်တွင် မြန်မာနိုင်ငံသည် ငြိမ်းချမ်းသောနိုင်ငံဖြစ်လာပါမည်လောဆိုသည့် စိုးရိမ်ပူပန်မှုများ သံသယများသည်လည်း မြင့်တက်လာပေသည်။

ထိုအချက်ကို မေလ ၁၅ ရက်နေ့တွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား စစ်အာဏာပိုင်များက စွဲချက်တင်ကာ ဖမ်းဆီးထောင်ချရန် ကြိုးပမ်းလုပ်ဆောင်လာခြင်းက ပြသနေပေသည်။

ဒေါ်အောင်ဆန်းစုကြည်အား အဘယ်ကြောင့် ထောင်ချလိုသနည်း

၁၉၈၈ ခုနှစ်တွင် နိုင်ငံရေးလောကသို့ဝင်ရောက်လာသည့်အချိန်မှ စတင်ကာ ဒေါ်အောင်ဆန်းစုကြည်သည် ဆင်းရဲဒုက္ခရောက်နေသည့်၊ မတရားမှုများအောက်တွင် ခိုကိုးရာမဲ့နေကြသည့် မြန်မာပြည်သူလူထု၏ကယ်တင်ရှင် အဖြစ်မှတ်ယူခံခဲ့ရပေသည်။

သူမသည် နိုင်ငံရေးအတွေးအခေါ် ထက်မြက်သူတဦးဖြစ်သည့်အပြင် မဟုတ်မခံစိတ်ဓါတ်ရှိပြီး သတ္တိပြောင်မြောက်သူတဦးလည်းဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံနိုင်သူအဖြစ် ထင်ရှားလာသည်။

ထို့ကြောင့် အာဏာရှင်စနစ်အောက်မှ လွတ်မြောက်ကာ ဒီမိုကရေစီနိုင်ငံထူထောင်လိုသော မြန်မာပြည်သူများအတွက် ဒေါ်အောင်ဆန်းစုကြည်သည် မျှော်လင့်ချက် ဖြစ်လာသည်။

သူမသည် တိုင်းရင်းသားလူမျိုးစုများ အပါအဝင် ပြည်သူများ၏ ချစ်ခင်လေးစားမှု၊ ယုံကြည်ကိုးစားမှုကို ရရှိလာသည်၊ ထိုအချက်က လူထုအကျိုးစီးပွားကို စိုးစဉ်းမျှထည့်မတွက်၊ နိုင်ငံအနာဂတ်အတွက် မျှော်မှန်းလုပ်ဆောင်ခြင်းမရှိပဲ ထင်ရာ

စိုင်းနေသည့် မြန်မာစစ်အာဏာပိုင်များနှင့် မည်သို့မျှနှိုင်းယှဉ်မရပဲ ဖြစ်နေသည်။ သဘောထားအမြင်ကျဉ်းမြောင်းလှသည့် စစ်အာဏာရှင်များအတွက် ဒေါ်အောင်ဆန်းစုကြည်သည် သူတို့ အာဏာ ဆက်လက်ချုပ်ကိုင်နိုင်ရေးလမ်းကြောင်းပေါ်တွင် ဆူးညှောင့်ခလုတ်တခုသဖွယ်ဖြစ်နေခဲ့သည်။

နေအိမ်တွင် အကျဉ်းချထားခြင်း၊ ရန်ကုန်မြို့တွင်းလူစုလူဝေးဖြင့် တိုက်ခိုက်ခံရခြင်း၊ ဒီပဲယင်းတွင် လုပ်ကြံခံရလုနီးနီး အခြေအနေနှင့်ရင်ဆိုင်ခဲ့ရခြင်းက မြန်မာစစ်အာဏာပိုင်များသည် သူမအပေါ်ထားရှိသည့်၎င်းတို့၏သဘောထားကို တိုင်းသိ ပြည်သိ ကမ္ဘာသိ ဖော်ပြနေပေသည်။

ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှု ဖြစ်ပွားပြီးခဲ့ချိန်မှစတင်၍ ဒေါ်အောင်ဆန်းစုကြည်မှာ နေအိမ်တွင် ခြောက်နှစ်ကြာ အကျဉ်းချခံနေခဲ့ရသည်။ (ယင်းမှာ မြန်မာပြည်တွင် သူမ ပြန်လည်နေထိုင်သည့် နှစ်ပေါင်း နှစ်ဆယ်အတွင်း တတိယအကြိမ်မတရား ထိန်းသိမ်းခံရခြင်းဖြစ်သည်) နအဖစစ်အစိုးရသည် ၂၀၀၉ ခုနှစ် မေလကုန်တွင် နောက်ဆုံးထား ပြန်လွှတ်ပေးရတော့မည်ဖြစ်သည်။ တကယ်တမ်း လွှတ်ပေးရတော့မည့်အချိန် ရောက်လာသောအခါ သူမအား ဆက်လက် ဖမ်းချုပ်ထားနိုင်ရေးအတွက် စစ်အာဏာပိုင်များသည် အခြားအကြောင်းရင်းတခုခုကိုပြသရန် လိုအပ်လာသည်။

တိုက်ဆိုင်မှုဟုဆိုရမည်လော သို့မဟုတ် ကြိုတင်ကြံစည်မှုဟု ယခုလောလောဆယ် အပြတ်မပြောနိုင်သေးသည့် အဖြစ်တခုက ရုတ်ခြည်းဆိုသလို ဖြစ်ပျက်ခဲ့သည်။ အမေရိကန်နိုင်ငံသား တဦးသည် အင်းယားကန်ဘက်မှ ရေကူးကာ သူမ၏နေအိမ်ကို စောင့်ကြပ်နေသူများ မသိပဲနှင့် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်းသို့ ဝင်ရောက်ကာ (၂) ညတာ နေထိုင်ပြီး သူမနှင့် တွေ့ဆုံခဲ့သည်ဟူသောသတင်းအား စစ်အာဏာပိုင်များက ၎င်းတို့ ချုပ်ကိုင်ထားသည့် သတင်းမီဒီယာများမှတဆင့် ဖော်ပြခဲ့သည်။ မြန်မာအများစုကမူ ဤကိစ္စသည် စစ်အာဏာပိုင်များ၏ လုပ်ကြံသော ဇာတ်လမ်းဟု အခိုင်အမာ ဆိုသည်။ ထုံးစံအတိုင်း နအဖထုတ်ပြန်သောသတင်းအား မှန်ကန်သည်ဟု အတည်မပြုနိုင်။ အတည်ပြုနိုင်ရန်လည်း လွတ်လပ်စွာ စုံစမ်းခွင့်မရပေ။ စစ်အစိုးရက ချက်ချင်း ဆိုသလိုပင် သူမအား နေအိမ်အကျယ်ချုပ်ဥပဒေကို ချိုးဖောက်သည်ဟုဆိုကာ ဖမ်းဆီး၍ အင်းစိန်ထောင်အတွင်း ထားရှိခဲ့သည်။ ဤအဖြစ်တွင် ဒေါ်အောင်ဆန်းစုကြည်က မတရားအမှုဆင် အဖမ်းခံနေရသည်ဟု ယုံကြည်ရသဖြင့် တကမ္ဘာလုံး ဒေါသူပုန်ထနေတော့သည်။

နေအိမ်တွင် အကျဉ်းချသက်တမ်းကုန်ဆုံးကာ ပြန်လွှတ်ပေးရမည့်အခြေအနေက ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲမတိုင်မီ ဖြစ်နေသောကြောင့် ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွတ်မြောက်လာပါက လက်ရှိနိုင်ငံရေးအခြေအနေတွင် နိုင်ငံရေးအရ အသာစီးရနေသည့်နအဖသည် အပေါ်အောက် ပြောင်းပြန်လှန်လိုက်သကဲ့သို့ ဖြစ်လာနိုင်ခြေရှိသည်ကို စိုးရိမ်လာသည်။ အကြောင်းမှာ ၂၀၁၀ ရွေးကောက်ပွဲသည် နအဖစစ်အာဏာပိုင်များ နှစ် ၂၀ လုံးလုံး ၎င်းတို့ ကျူးလွန်ထားသည့် ရာဇဝတ်မှုများကို ခဝါချပစ်နိုင်လောက်သည့် သေရေး-ရှင်ရေး ထွက်ပေါက်အဖြစ် အရေးကြီးနေသောကြောင့်ဖြစ်သည်။

လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲကိုကျင်းပနိုင်လျှင် နိုင်ငံတကာအသိုင်းအဝိုင်း၏ပြစ်တင်ရှုတ်ချမှု လျော့ကျလာနိုင်ပြီး ချီးကျူးအသိအမှတ်ပြုခံရနိုင်သည်ဟု စစ်အာဏာပိုင်များက မှတ်ယူထားပုံရသည်။ ထို့ကြောင့် အနိမ့်ဆုံးအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အား ရွေးကောက်ပွဲကျင်းပပြီးစီးသည်အထိ ထိန်းသိမ်းထားနိုင်မှသာ စစ်အာဏာပိုင်များသည် ၎င်းတို့ဆောင်ရွက်ချင်သောအရာများအား အခက်အခဲများစွာမရှိပဲနှင့် အောင်မြင်စွာလုပ်ဆောင်နိုင်မည်ဟု ယုတ္တိကင်းမဲ့စွာ တွက်ဆထားသည်။

## <u>နိုင်ငံရေးဖြစ်ထွန်းမှုများနှင့် တွေ့ဆုံဆွေးနွေးရေးအလားအလာ</u>

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း နအဖစစ်အာဏာပိုင်များသည် ရွေးကောက်ပွဲကို အသက်တမျှ တန်ဖိုးထားသည့်အတွက် ရွေးကောက်ပွဲကျင်းပနိုင်ရေးကို နည်းမျိုးစုံဖြင့် အသံပေးလုပ်ဆောင်လျက် ရှိသည်။ ထူးခြားသည်မှာ "ဒီမိုကရေစီ" ဆိုသော စကားလုံးထက် "ရွေးကောက်ပွဲ" စကားလုံးကို တွင်တွင်သုံးနေခြင်းဖြစ်သည်။ တချိန်တည်းမှာပင် အဓိက နိုင်ငံရေးအင်အားစုဖြစ်သည့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲနှင့်ပတ်သက်သည့် တရားဝင်သဘောထားကိုလည်း အတိအလင်း သိလိုနေသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားလူမျိုးစုအားလုံး နီးပါးသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှ ဒီမိုကရေစီနှင့် မလျော်ညီသည့်အချက်များကို ပြင်ဆင်ရေးသားရန် အလိုရှိကြသည်။ ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်ပြင်ဆင်ရေးဆွဲရေး ကော်မတီတရပ်ကို ဖွဲ့စည်းပေးရန် နအဖ အာဏာပိုင်များထံ တောင်းဆိုခဲ့သည်၊ ထိုတောင်းဆိုမှုအား ဒီမိုကရေစီအင်အားစုများသာမက တိုင်းရင်းသားလူမျိုးစုများကလည်း ထောက်ခံကြသည်။

ဧပြီလ ၂၈ နှင့် ၂၉ ရက်နေ့များတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပါတီအထူးအစည်းအဝေးကို ကျင်းပသည်။ စစ်အာဏာပိုင်များက နှောင့်ယှက်ခြိမ်းခြောက်ခြင်း မရှိခဲ့ပါ။ ယခင်နှင့်မတူ တမူထူးခြားနေသည့် ယင်းအဖြစ်ကို သုံးသပ်ကြည့်ပါက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လက်ရှိ နိုင်ငံရေးနှင့် ပြည်တွင်းအခြေအနေအပေါ် သဘောထား၊ ၂၀၁၀ ရွေးကောက်ပွဲနှင့် ပတ်သက်သည့် သဘောထားတို့ကို နအဖသည် လွန်စွာစိတ်ဝင်စားပြီး သိချင်နေပြီဖြစ်ကြောင်း ကောင်းစွာခန့်မှန်းနိုင်သည်။

ထိုကဲ့သို့ ခွင့်ပြုလိုက်ခြင်းက နအဖစစ်အာဏာပိုင်များ၏ သဘောထားသည် အခြေအနေကို စောင့်ကြည့်လိုသည်ဟူသော အနေအထားသို့ ရောက်ရှိခဲ့သည်ဟု ဆိုရပေမည်။ တနည်းဆိုရလျှင် သဘောထားတင်းမာလှသော နအဖ စစ်အာဏာပိုင်များသည် ၎င်းတို့စိတ်ကြိုက် လမ်းပြမြေပုံရှိနေလင့်ကစား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သဘောထားကို အရင်တီးခေါက်ပြီးမှ မီးစင်ကြည့်ကရန် စိတ်ကူးပြောင်းလိုက်ပုံရသည်ဟု တွက်ဆနိုင်ပေသည်။

နအဖက ထိုသို့ သဘောထားတင်းမာမှုမပြသည့်လုပ်ရပ်ကို ဆက်လက်ကိုင်စွဲကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နအဖအပေါ် ပိုမိုယုံကြည်မှုရှိလာစေရန် လုပ်ဆောင်နိုင်သည့် အခွင့်အလမ်းကို ရယူသင့်ပေသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပါတီတွင်း အထူး အစည်းအဝေးအဆင်ပြေစွာကျင်းပနိုင်ခြင်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နိုင်ငံရေးတိုးတက်မှု လက္ခဏာတရပ်အဖြစ် ရှုမြင်သုံးသပ်ကာ အာဏာပိုင်များအား ချီးကျူးအားပေးသင့်သည်။ ထိုသို့လုပ်ဆောင်ချက်သည် တဘက်နှင့်တဘက် ယုံကြည်မှုတည်ဆောက်ရေး ဖြစ်မြောက်နိုင်မည့်အခွင့်အရေးတခုဖြစ်လာနိုင်ပေသည်။

ရွှေဂုံတိုင်ကြေညာချက်ဟု လူသိများသောကြေညာချက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရပ်တည်ချက်များနှင့် ၂၀၁၀ ရွေးကောက်ပွဲနှင့်ပတ်သက်သောသဘောထားများကို ဖော်ပြခဲ့သည်။ ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးရေး၊ နအဖ စိတ်ကြိုက်ရေးဆွဲသည့် ၂၀၀၈ ခုနှစ် အခြေခံဥပဒေအား ဒီမိုကရေစီ အခြေခံမူများ ပါဝင်လာစေရန် ပြန်လည်သုံးသပ်ရေး၊ တိုင်းရင်းသားအားလုံး တန်းတူညီမျှ အခွင့်အရေး ရရှိရေး၊ ပါတီစည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရေး၊ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို တနည်းနည်းဖြင့် အသိအမှတ်ပြုရေး၊ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရေး စသည်တို့ပါဝင်သည်။ ထို့အတူ ၂၀၁၀ ရွေးကောက်ပွဲနှင့် ပတ်သက်သောသဘောထားကိုထုတ်ပြန်ရာ၌ အဖွဲ့ချုပ်ခေါင်းဆောင်များနှင့် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ချွင်းချက်မရှိ လွှတ်ပေးလျှင်၊ ၂၀၀၈ ခုနှစ် အခြေခံဥပဒေပါ ဒီမိုကရေစီ စံနှုန်းနှင့် မကိုက်ညီသော အချက်များကို ပယ်ဖျက်ပေးလျှင်၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေများကို လေ့လာသုံးသပ်ပြီးမှ ရွေးကောက်ပွဲဝင်ရေးကို စဉ်းစားမည်ဟု ဆိုထားသည်။

ရွှေဂုံတိုင်ကြေညာချက်တွင် ပါဝင်သောအချက်များသည် ကြောင်းကျိုးဆီလျော်ခိုင်မာသော်လည်း နိုင်ငံရေးအရ စစ်မှန်သည့် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရေးကို အကြောင်းအမျိုးမျိုးပြငြင်းဆန်နေသည့် စစ်အာဏာပိုင်များကို ဆွဲဆောင်နိုင်အား နည်းပါးလှသည်ကို တွေ့ရသည်။

ယေဘုယျအားဖြင့်ကြည့်လျှင် နအဖစစ်အာဏာရှင်များသည် ပြည်တွင်းရှိ နိုင်ငံရေးအင်အားစုများနှင့်တကွ တတိုင်းပြည်လုံးအား ကောင်းစွာထိန်းချုပ်နိုင်သည်ဟု မြင်ရသော်လည်း ၎င်းတို့တွင် နိုင်ငံရေးအရ အကျပ်အတည်း အခက်အခဲများရှိနေသည်။ အကြီးမားဆုံးမှာ အမေရိကန်ပြည်ထောင်စု အပါအဝင် အနောက်နိုင်ငံများ၏ စီးပွားရေး ပြစ်ဒဏ်ခတ်မှုနှင့် ကုန်သွယ်ရေးပိတ်ဆို့မှုများပင် ဖြစ်သည်။

ယခင်ကာလများက အနောက်နိုင်ငံများ၏စီးပွားရေးပြစ်ဒဏ်ခတ်မှုများသည် မိမိတို့နိုင်ငံအားမထိခိုက်ဟု ဆိုနေခဲ့သော်လည်း ၂၀၀၈ ခုနှစ်မှစ၍ ကုလသမဂ္ဂအထွေထွေညီလာခံတွင် စီးပွားရေး ပြစ်ဒဏ်ခတ်မှုများကို ရုပ်သိမ်းပေးရန် အတိအလင်းတောင်းဆိုလာခဲ့ပြီး အခွင့်အရေးကြုံတိုင်းလည်း ထပ်မံတောင်းဆိုလျက် ရှိနေခဲ့သည်။

ထိုသို့တောင်းဆိုလာခြင်းက စီးပွားရေးပြစ်ဒဏ်ခတ်မှုနှင့် ပိတ်ဆို့မှုများသည် ၎င်းတို့အပေါ် အမှန်တကယ် ထိခိုက်နေပြီ ဆိုခြင်းကို ပြသနေပေသည်။ ထို့ကြောင့် မြန်မာစစ်အာဏာပိုင်များအပေါ် ချမှတ်ထားသည့် အရေးယူချက်များသည် သိသိသာသာ အကျိုးသက်ရောက်မှုရှိနေသည့်အတွက်ကြောင့်သာ ၎င်းတို့၏ ရပ်တည်ချက်များ ပြောင်းလဲလာခဲ့ရခြင်း ဖြစ်သည်။ ထို့ကြောင့် အနောက်နိုင်ငံများ၏ ပြစ်ဒဏ်ခတ်အရေးယူမှုများ ဖယ်ရှားရေးသည် နအဖစစ်အာဏာပိုင်များ၏ လိုလားချက်ဖြစ်သည်မှာ အလွန်သိသာသည်။ ထိုပြစ်ဒဏ်ခတ်အရေးယူမှုများသည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင် ပြောင်းလဲရေးများအတွက် နအဖအာဏာပိုင်များအပေါ် နိုင်ငံတကာအသိုင်းအဝိုင်း၏ဖိအားဖြစ်ပြီး နအဖအား တွေ့ဆုံဆွေးနွေးရေးစားပွဲဝိုင်းဆီသို့ တွန်းပို့ပေးနိုင်လိမ့်မည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်တကွ ဒီမိုကရေစီအင်အားစုများက တစိုက်မတ်မတ် မှတ်ယူလျက်ရှိနေကြသည်။

ရွှေဂုံတိုင်ကြေညာချက်တွင် နအဖစစ်အာဏာပိုင်များ ရင်ဆိုင်ကြုံတွေ့နေရသည့်အခက်အခဲများ၊ တိုင်းပြည် ရင်ဆိုင်နေရသော အကျပ်အတည်းများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နအဖနှင့်အတူ လက်တွဲဖြေရှင်းကြမည်ဆိုသော ကမ်းလှမ်းချက်ပါဝင်ခဲ့လျှင် အကျပ်အတည်းတွေ့နေသည့် နအဖအနေဖြင့် ထိုကမ်းလှမ်းချက်ကို လှမ်းယူလျက် မီးစင်ကြည့်က နိုင်ရန် အခွင့်အလမ်းဖြစ်လာနိုင်စရာ ရှိပေလိမ့်မည်။

**<u>မတည်မငြိမ် ဖြစ်လာမည့် အနာဂတ်</u>**

ယခုအခါ နအဖစစ်အာဏာပိုင်များသည် ဒေါ်အောင်ဆန်းစုကြည်အား စွဲချက်တင်ကာ စီရင်ချက်ချပြီး ထောင်ချရန် ဦးတည်လုပ်ဆောင်နေသည်။ ထိုလုပ်ဆောင်ချက်က နအဖစစ်အာဏာပိုင်များအတွက်သာမက ဒီမိုကရေစီအင်အားစုများအတွက်ရော မြန်မာပြည်သူများအတွက်ပါ ကောင်းကျိုးဖြစ်ထွန်းနိုင်မည်မဟုတ်ပေ။ ထိုအချက်ကို မြန်မာ့အရေးနှင့် သက်ဆိုင်သူအားလုံးသာမက မြန်မာပြည်အရေး အပေါ်အလေးထား စောင့်ကြည့်နေသည့် နိုင်ငံတကာအသိုင်းအဝိုင်းကပါ အလေးအနက်ထားစဉ်းစားသင့်ပေသည်။

စစ်အာဏာပိုင်များ၏ နှစ်ပေါင်း ၂၀ ကျော်ကြာ ရက်စက်ကြမ်းကြုတ်သော အုပ်ချုပ်မှုအောက်တွင် မြန်မာပြည်သူပြည်သားများသည် အကျပ်အတည်းပေါင်းများစွာဖြင့် ဆင်းရဲခက်ခဲစွာ လုံခြုံမှုကင်းမဲ့စွာ နေထိုင်နေကြရသည်။ မိမိတို့၏မျှော်လင့်အားကိုးနေရသည့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ထောင်ဒဏ်ချမှတ်ခြင်းသည် ကျပ်တည်းမှုများကြောင့် မကျေနပ်ချက်များစွာကို ပေါက်ကွဲလာစေရန် နှိုးဆွပေးလိုက်တော့မည့်အလား ဖြစ်နေသည်။ ထို့အတူ နိုင်ငံရေးလှုပ်ရှားနေသည့် အင်အားစုများအကြားတွင်လည်း နိုင်ငံရေးနည်းလမ်းများဖြင့် မြန်မာနိုင်ငံအား အပြောင်းအလဲလုပ်ဆောင်လျှင် မဖြစ်နိုင်တော့ဆိုသည့်အယူအဆများ ပေါ်ထွန်းလာနိုင်ဖွယ်ရာရှိနေပြန်သည်။ အလားတူပင် ပြည်ပရောက် ဒီမိုကရေစီအင်အားစုများသည် နိုင်ငံရေးနည်းလမ်းများဖြင့် လှုပ်ရှားနေရာမှ အင်အားသုံးနည်း၊ လက်နက်ကိုင်နည်းလမ်းများ၊ နအဖ စစ်အာဏာပိုင်များနှင့် ဆက်နွယ်မှုများအား ဖျက်ဆီး တိုက်ခိုက်မှုများ ပြုလုပ်ရန်အထိ စဉ်းစားစီစဉ်လာနိုင်ခြေလည်း ရှိနေပြန်သည်။ ထို့အတူ တိုင်းရင်းသားလက်နက်ကိုင်များကလည်း မိမိတို့မျှော်မှန်းချက်များဆုံးရှုံးရတော့မည်ဆိုသည့် စိုးရိမ်မှုများက လက်နက်ကိုင်တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလာရန် တွန်းအားပေးသလို ဖြစ်လာနိုင်ပေသည်။

ထိုအခြေအနေမျိုးဆိုက်ရောက်လာပါက နအဖစစ်အာဏာပိုင်များသည်လည်း ၎င်းတို့ဖြေရှင်းနေကျအတိုင်း အင်အားသုံးနှိမ်နင်းမှုများကို ပြုလုပ်လာမည်ဖြစ်ရာ မတည်မငြိမ်မှုများသည် မြန်မာနိုင်ငံတွင်း၌သာမက အိမ်နီးချင်းနိုင်ငံများသို့ပါ ကူးစက်သွားနိုင်သည်အထိ ဆိုးကျိုးများ ဆင့်ကဲဆင့်ကဲ ဖြစ်သွားနိုင်သည်။

**အခြေအနေဆိုးများဆီသို့ မတက်လှမ်းနိုင်ရေး**

နိုင်ငံတွင်း မတည်ငြိမ်မှုများက အဆိုပါနိုင်ငံအား အကျိုးယုတ်စေရုံမက ဒေသတွင်းနိုင်ငံများကိုပါ ထိခိုက်စေသည်။ မြန်မာပြည်အရေးတွင်လည်း အလားတူပင်ဖြစ်သည်။ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး အကျပ်အတည်းများကြောင့် မြန်မာ့ပြည်တွင်းရေးပြဿနာများသည် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသ တွင်းနိုင်ငံများသို့ ကူးစက်နေနှင့်ပြီးဖြစ်သည်။ ပြောင်းရွှေ့ အလုပ်သမား၊ လူကုန်ကူးမှု၊ ထွက်ပြေးပုန်းရှောင်ရသည့် ဒုက္ခသည်များ၊ တရားမဝင် နယ်စပ်ဖြတ်ကျော်နေမှုများနှင့်အတူ ဆက်နွယ်သော ရာဇဝတ်များ၊ မူးယစ်ဆေးဝါး စသည့်ပြဿနာများသည် မြန်မာ့နိုင်ငံရေးအကျပ်အတည်းနှင့် သီးခြားစီခွဲ၍ မရနိုင်သောကိစ္စများ ဖြစ်ပေသည်။

မြန်မာစစ်အစိုးရက ယခုတဖန် ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထောင်ချရန် စီစဉ်နေခြင်းနှင့် ၂၀၁၀ ရွေးကောက်ပွဲအား စစ်မှန်သောဒီမိုကရေစီ ထွန်းကားရေးထက် ၎င်းတို့ အာဏာ ဆက်လက်ချုပ်ကိုင်နိုင်ရေးကိုသာ ဦးတည်ထား ကျင်းပမည်ဆိုလျှင် မြန်မာ့အကျပ်အတည်းသည် ယခုထက် ပိုမိုဆိုးရွားလာပြီး ပေါက်ကွဲသည့်အဆင့်သို့ ရောက်ရှိလာနိုင်သောကြောင့် ထိုအခြေအနေကို ရှောင်လွှဲနိုင်ရန် သို့မဟုတ် တားဆီးနိုင်ရန် နည်းလမ်းကို သက်ဆိုင်သူအားလုံးတို့က အမြန်ဆုံး ရှာဖွေဖော်ထုတ်ကာ လက်တွေ့လုပ်ဆောင်ရန် လိုအပ်သည်။

နအဖအာဏာပိုင်များအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဒီမိုကရေစီအင်အားစုများအား ရန်သူအဖြစ် သဘောမထားပဲ ပိုမိုပျော့ပြောင်းသောနည်းလမ်းများဖြင့် ချဉ်းကပ်ဆက်ဆံသင့်သည်။ နအဖသည် လက်နက်စွဲကိုင်တိုက်ခိုက်နေသော တိုင်းရင်းသား လူမျိုးစုအတော်များများနှင့် ယုံကြည်မှုတည်ဆောက်ကာ ငြိမ်းချမ်းရေးအတွက် စကားပြောဆိုနိုင်ကြသေးလျှင် နိုင်ငံ့အကျိုးအတွက် ဒီမိုကရေစီကိုလိုလားသောနိုင်ငံရေးပါတီများနှင့် စကားမပြောနိုင်စရာ အကြောင်းမရှိပေ။ ထိုအချက်ကို နအဖကိုယ်တိုင် ယုံကြည်လက်ခံရေးသည် ဦးစွာပထမ လိုအပ်ချက်ဖြစ်သည်၊ တဘက်နှင့်တဘက် အရိပ်အရောင်ကြည့်ရုံဖြင့် ယုံကြည်မှုအပြည့် ဆွေးနွေးစကားပြောနိုင်မည် မဟုတ်ပေ။ တကယ်တမ်း အလုပ်မဖြစ်ပဲ အချိန်ကုန်သွားသည်သာ အဖတ်တင်နေပေလိမ့်မည်။ တဘက်နှင့်တဘက် အရင်ဦးဆုံး အလွတ်သဘောဖြစ်စေ တွေ့ဆုံစကားပြောကြည့်မှသာ ယုံကြည်မှုများကို လက်တွေ့ကျကျ စတင် တည်ဆောက်နိုင်ပေမည်။ ယုံကြည်မှု ပိုရလျှင် စေ့စပ်ဆွေးနွေးရေး တံခါးပွင့်မည်မှာ သေချာနေတော့သည်။ နအဖဘက်တွင် ဤသဘောကို သိသာထင်ရှားစွာ ပြသရန် လိုအပ်ပေသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ဒီမိုကရေစီအင်အားစုများဘက်တွင်လည်း နိုင်ငံရေးအရ စစ်မှန်သည့် တွေ့ဆုံဆွေးနွေးမှုများကို တောင်းဆိုနေသည့်အတိုင်း နအဖစစ်အာဏာပိုင်များ ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံဆွေးနွေးရေး စားပွဲသို့လာနိုင်မည့်နည်းလမ်းများ၊ မက်လုံးများကို ဖန်တီးပေးရန် လိုအပ်ရုံမက မိမိတို့အပေါ် ယုံကြည်မှုများ ထားလာရေးအတွက် လိုအပ်သည့် နိုင်ငံရေး အဂန်းအပိုင်းကို ဖန်တီးရန်လည်း လိုအပ်ပေသည်။ နအဖ စိုးရိမ်ကြောက်ရွံ့နေသည့်အရာများက အဘယ်နည်း။ ထိုစိုးရိမ်ကြောက်ရွံ့မှုများကို လျော့ကျသွားစေမည့် နည်းလမ်းများက အဘယ်နည်း စသည်များကို တွက်ချက် ရှာဖွေကာ ကမ်းလှမ်းချက်များဖြင့် မိမိတို့အလိုရှိသောပန်းတိုင်သို့ လျှောက်လှမ်းနိုင်ရေးအတွက် ကြိုးပမ်းနိုင်သည်။

ပြည်ပရောက် မြန်မာအင်အားစုများဘက်တွင်လည်း ပြည်တွင်းအင်အားစုများအပေါ် ဆထက်ထမ်းပိုး ထောက်ခံအားပေးမှုနှင့် ကူညီပံ့ပိုးပေးမှုများကို နည်းမျိုးစုံဖြင့်ပေးနိုင်ရေးကို အလေးထား စဉ်းစား လုပ်ဆောင်သင့်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာပြည် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်သောလုပ်ဆောင်ချက်များကို ယခုထက် ပိုမိုထိရောက်စွာ လုပ်ကိုင်လာရေးအတွက် ဆွေးနွေးသုံးသပ်မှုများ၊ စည်းရုံးလှုံ့ဆော်မှုများကို အမြဲ စဉ်ဆက်မပြတ် ထိတွေ့လုပ်ဆောင်နိုင်ရန် လိုအပ်သည်။

နိုင်ငံတကာအသိုင်းအဝိုင်း ဘက်တွင် မြန်မာ့ ဒီမိုကရေစီအရေးကို အမှန်တကယ် လိုလားသည့် ရည်ရွယ်ချက်များဖြင့် အားလုံးက ဝိုင်းဝန်းပံ့ပိုးရန်လိုသည်။ အချို့ နိုင်ငံများမှာ မြန်မာနိုင်ငံတွင် ဒီမိုကရေစီ အမှန်တကယ် ဖြစ်ထွန်းရေးထက် ကိုယ်ကျိုးစီးပွားဖြစ်ထွန်းဖို့ နအဖနှင့်ပေါင်းလျက် လက်ဦးမှုရရေးကိုသာ ပိုမိုအာရုံစိုက်လျက်ရှိနေသည်ကို တွေ့ရသည်။ အချို့နိုင်ငံများကမူ စီးပွားရေးပြစ်ဒဏ်ခတ်မှုကဲ့သို့သောနည်းလမ်းများဖြင့် မြန်မာစစ်အစိုးရကို အကြပ်ကိုင် ဖိအားပေး

လျက် ရှိသည်။ နိုင်ငံတကာ ပါဝင်ပတ်သက်မှုရှိသော အခြေအနေဖြစ်လျှင် အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ် သို့ ကူးပြောင်းနိုင်ရေး ရည်မှန်းချက်တခုတည်းကိုသာ တစိုက်မတ်မတ် ထားရှိသင့်သည်။ ထိုအခါ ရည်မှန်းချက်အတွက် လုပ်ဆောင်သောနည်းလမ်းသည်လည်း တပုံစံတည်း ဖြစ်သွားမည် ဖြစ်သည်။ နိုင်ငံတကာ၏ အနေအထားမှာ မြန်မာပြည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် တစည်းတလုံးတည်းဖြင့် အရေးပါသောနေရာမှ ပါဝင်ပံ့ပိုးနိုင်မှသာ ထိထိ ရောက်ရောက် အောင်မြင်နိုင်ပေလိမ့်မည်။ အမေရိကန်၊ အီးယူ၊ ကနေဒါ၊ ဩစတြေးလျားတို့က စီးပွားရေးပြစ်ဒဏ်ခတ်မှု များဖြင့် အရေးယူနေချိန်တွင် တရုတ်နှင့်ရုရှားတို့က လုံခြုံရေးကောင်စီ၌ နအဖဘက်မှနေ၍ ဗီတိုအာဏာဖြင့် ပယ်ချ ခြင်း(သို့) ပယ်ချရန်ခြိမ်းခြောက်ခြင်းတို့မှာ နိုင်ငံတကာ၏ ပံ့ပိုးမှုများတွင် ရည်မှန်းချက် မတူ၊ လုပ်ဆောင်ပုံ မတူကြောင်း ပြသနေသည်။

မြန်မာ့ဒီမိုကရေစီ အင်အားစုများအနေဖြင့် နိုင်ငံတကာ၏ လက်ရှိသဘောကို ကောင်းစွာသုံးသပ်ရန် လိုအပ်သည်ဟု ထင်မိသည်။

မြန်မာစစ်အာဏာပိုင်များသည် အမှန်ပင် ဘေးကျပ်နံကျပ်အခြေအနေသို့ ရောက်ရှိနေသည်။ ဥပမာ- နိုင်ငံရေးဘက်ကို ကြည့်လျှင် အာဏာကို မည်မျှပင် တင်းကြပ်စွာ ချုပ်ကိုင်ထားစေကာမူ တရားဝင်အစိုးရတရပ် မဖြစ်နိုင်သေးပဲ ရှိနေသည်။ စီးပွားရေးဘက်တွင် စစ်ခေါင်းဆောင်ထိပ်ပိုင်းတစုနှင့် ၎င်းတို့၏ နီးစပ်ရာအသိုင်းအဝိုင်းတို့က မည်မျှပင် ချမ်းသာကြွယ်ဝ နေစေကာမူ တတိုင်းပြည်လုံး ချွတ်ခြုံကျ ဆင်းရဲနေသည့် ဖြစ်ရပ်များကို မငြင်းနိုင်အောင် ရှိနေသည်။ တိုင်းပြည်၏ အဓိကအခန်းကဏ္ဍများတွင် ထိုသို့ အကျပ်အတည်းများ ဖြစ်နေခြင်းကိုကပင် စစ်ခေါင်းဆောင်များအဖို့ ၎င်းတို့စိတ်ကြိုက် ဖြစ်လိုသည့် လမ်းပြမြေပုံအတိုင်း လွယ်လွယ်ကူကူလျှောက်ရန် မဖြစ်နိုင်သေးကြောင်း ပေါ်လွင်နေတော့သည်။

## အခွင့်အလမ်းများ ရှိနေသည်

တိုင်းပြည်ကို နှစ်ပေါင်း (၂၀)ကြာ အုပ်စိုးလာသည့် မြန်မာစစ်ခေါင်းဆောင်တို့အနေဖြင့် အဆိုပါ အခက်အခဲများကို ပြေလည်အောင် ၎င်းတို့ကိုယ်တိုင် မည်သည့်အခါမျှ ဖြေရှင်းနိုင်စွမ်းရှိမည်မဟုတ်ပေ။ အထူးသဖြင့် ပြည်တွင်း၌ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ဒီမိုကရေစီ အင်အားစုများသည်၎င်း၊ ပြည်ပ၌ နိုင်ငံတကာအသိုင်းအဝိုင်းသည်၎င်း နအဖနှင့် လိုလိုလားလားလက်တွဲဖြေရှင်းပေးရန် အခွင့်အလမ်း ရှိမနေသရွေ့ မည်သည့် အခါမျှ စင်းလုံးချောမအောင်မြင်နိုင်။

နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာစစ်အာဏာပိုင်များထက် အဖက်ဖက်တွင် တောင့်တင်းခိုင်မာအားကောင်းသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး အခက်အခဲများကို ကူညီဖြေရှင်းပေးရေးနှင့်တကွ နိုင်ငံတကာအသိအမှတ်ပြုရေးကိစ္စ များတွင် ကမ္ဘာ့နိုင်ငံများ၊ ကမ္ဘာ့အဖွဲ့အစည်းများက လိုလိုလားလား ကူညီပေးလိုကြသည်။ ပေးနိုင်စွမ်းလည်း ရှိကြသည်။ အထူးသဖြင့် မြန်မာ့အရေးနှင့်ပတ်သက်လျှင် အမှန်တကယ် ထိရောက်စွာ ကူညီပံ့ပိုးပေးနိုင်သည့် အနေအထား ရှိသည်ကို မမေ့မလျော့သင့်ပေ။ တနည်းအားဖြင့် အခွင့်ကောင်းတရပ် အချိန်ကိုက်ရယူ အသုံးချနိုင်ရန် စဉ်းစားသင့်သည်။

စစ်အာဏာပိုင်များက ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးရေး၊ ဒီမိုကရေစီ အင်အားစုများနှင့် တွေ့ဆုံဆွေးနွေးလာစေရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး အစရှိသည်တို့အတွက် ပြည်တွင်း ပြည်ပ ဒီမိုကရေစီ လိုလားသူတို့က နိုင်ငံရေးအခြေအနေကောင်းများကို ဖန်တီးပေးနိုင်ရေးသည် အလွန်အရေးကြီးသည်။

နိုင်ငံရေး အခြေအနေကောင်းအား နိုင်ငံတကာ အသိုင်းအဝိုင်းမှ ဖန်တီးပုံများအနက် ဂျပန်နှင့် အီးယူတို့၏ ထိပ်သီး ဆွေးနွေးပွဲကြေညာချက်ကို နမူနာအနေဖြင့်ကြည့်နိုင်ပါသည်။

ထိုကြေညာချက်တွင် နှစ်ဘက်ခေါင်းဆောင်များ သဘောတူခဲ့ကြသည့် အချက်များသည် အားကောင်းသည့် အချက်များဖြစ်သည်၊

၁။ နအဖစစ်အာဏာပိုင်များကကျင်းပရန်စီစဉ်ထားသည့် ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲအား နိုင်ငံတကာအသိုင်းအဝိုင်းက လက်ခံအသိအမှတ်ပြုလာစေရန်မှာ မြန်မာ့နိုင်ငံရေးတွင် အရေးပါသည့်နိုင်ငံရေးအင်အားစုများပါဝင်ရမည်ဟု ဆိုထားသည်၊

၂။ ထိုအတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးရမည်ဖြစ်ပြီး နိုင်ငံရေးပါတီများအပေါ် ကန့်သတ်ထားချက်များ ဖယ်ရှားပေးရန် လိုအပ်သည်ဟု ဆိုထားသည်၊

၃။ ထို့အပြင် သိသာထင်ရှားသည့်နိုင်ငံရေးတိုးတက်မှုနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာသည့်ခြေလှမ်းများကို မြန်မာ စစ်အာဏာပိုင်များကလှမ်းမည်ဆိုလျှင် အပြုသဘောဖြင့်တုံ့ပြန်မှုများပြုမည်ဟု ဆိုထားသည်။

ထိုအချက်များကို လက်တွေ့အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရပေမည်။ သို့မှသာ မြန်မာနိုင်ငံတွင် စစ်မှန်သည့် ဒီမိုကရေစီကို ဖြစ်ထွန်းလာရေးတွင် နိုင်ငံတကာအသိုင်းအဝိုင်းထိရောက်စွာပါဝင်နိုင်မည်ဖြစ်သည်။

တွေ့ဆုံဆွေးနွေးမှု၏ပန်းတိုင်မှာ ဆွေးနွေးသူများအကြား မိမိတို့လိုလားချက်များကို ရရှိရေးပင်ဖြစ်သည်။ တနည်းဆိုရလျှင် နှစ်ဘက်စလုံးအနိုင်ရသည့် win-win solution ရရှိရေးပင်ဖြစ်သည်။ ထို့ကြောင့် ဂျပန်အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာပြည်တွင်းမှ နိုင်ငံရေးအရ အဓိကမဏ္ဍိုင်ကျသည့် အင်အားစုများအကြား တွေ့ဆုံဆွေးနွေးပွဲ ဖြစ်မြောက်လာရေးအတွက် လက်တွေ့ကျသောထိရောက်သည့် ဖိအားပေးမှု၊ တွန်းအားပေးမှု၊ ဆွဲဆောင်မှု၊ မက်လုံးပေးမှု၊ နားချမှု စသည့်နည်း အားလုံးကို ဟန်ချက်ညီစွာ အသုံးချနိုင်ရမည် ဖြစ်သည်။

ထိုကဲ့သို့ ပြည်တွင်းပြည်ပနှင့် နိုင်ငံတကာမှ ထိရောက်သောနည်းလမ်းများဖြင့် အချိန်ကိုက် လုပ်ဆောင်နိုင်ကြမည်ဆိုပါက ၂၀၁၀ မြန်မာပြည်သည် ငြိမ်းချမ်းသောတိုင်းပြည်ဖြစ်လာစေရန် ဒီမိုကရေစီပြုပြင် ပြောင်းလဲရေးကို မှန်မှန်ကန်ကန် အကောင်အထည် စတင်ဖော်နိုင်မည်ဖြစ်ပေသည်။

ကျော်ကျော်စိုး

မေ ၂၃ ၊ ၂၀၀၉ ခုနှစ်